**Noble Park English Language School**

21-35 Thomas Street, Noble Park, 3174.
P.O. Box 656, Noble Park, 3174

Telephone: 9546 9578
Fax: 9558 5683
email: noble.park.els@edumail.vic.gov.au
ABN: 67 406 080 234

# ခံနိုင်ရည်ရှိမှု၊ အခွင့်အရေးများနှင့်လေးစားမှု တည်ရှိသော ဆက်ဆံရေးများ အစီအစဉ်

၂၀၁၆ ခုနှစ်မှစ၍ လေးစားမှု တည်ရှိသော ဆက်ဆံရေးများ (Respectful Relationships (RR)) ပညာရေးသည် ဗစ်တိုးရီးယားပြည်နယ် ပညာရေးတွင် အဓိက သင်ရိုး ဖြစ်လာခဲ့သည်။ အဆိုပါ အစီအစဉ်မှာ ၂၀၁၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ကျေကွဲဖွယ်ကောင်းသော Luke Batty ၏ သေဆုံးမှုကို တော်ဝင် စုံစမ်းရေးကော်မရှင် (Royal Commission) က စုံစမ်းပြီးနောက် ပေါ်ပေါက်လာခဲ့သည်။ ၎င်းမှာ Royal Commission ထံမှ အကြံပြုချက်ဖြစ်သည်၊ ကျောင်းအားလုံးအနေဖြင့် တစ်ကျောင်းလုံး သင်ကြားမှု ချဉ်းကပ်ပုံဖြင့် လေးစားမှု တည်ရှိသော ဆက်ဆံရေးများ ပညာရေး (Respectful Relationships (RR) Education) ကို ကျောင်းသူကျောင်းသားများအနေဖြင့် ခံစားချက်များကို အသိရှိရန်နှင့် စီမံပေးရန် အခြားသူများအား စာနာမှုထားရှိရန်နှင့် အပြုသဘောကောင်းမွန်သော ဆက်ဆံရေးများ တည်ဆောက်ရန်တို့အတွက် ပံ့ပိုးပေးစေရန်အတွက် သင်ကြားပေးရန်ဖြစ်သည်။

ခံနိုင်ရည်ရှိမှု၊ အခွင့်အရေးများနှင့် လေးစားမှု တည်ရှိသော ဆက်ဆံရေးများအတွက် သင်ကြားရေးနှင့် သင်ယူဆည်းပူးရေးဆိုင်ရာ အရာပစ္စည်းများကို ဗစ်တိုးရီးယားပြည်နယ် အစိုးရကျောင်းအားလုံးတွင် သင်ရိုးညွှန်းအား သင်ကြားပေးရန်နှင့် သင်ကြားခွင့် လုပ်ပိုင်ခွင့်ပေးရန်အတွက် ကျောင်းများအား ပံ့ပိုးစေရန် ထုတ်ဝေခဲ့ပါသည်။

Noble Park English Language School တွင် ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ ကလေးများအား ပျော်ရွှင်၊ ကျန်းမာပြီး တိုးတက်သော လူမှုဘဝ အကောင်းဆုံး အစပြုမှုကို ပေးစွမ်းသော ပညာရေးကို သင်ကြားစေရန် လိုလားကြပါသည်။ ဤနည်းအားဖြင့် ကျောင်းသူကျောင်းသားများ၏ ပညာရေး ရလဒ်များ၊ ၎င်းတို့၏ ကောင်းမွန်ရေး၊ စာသင်ခန်းတွင်း အပြုအမူ၊ နှင့် ဆရာဆရာမများနှင့် ကျောင်းသူကျောင်းသားများ အကြား ဆက်ဆံရေးများတွင် အပြုသဘောကောင်းသော ပြောင်းလဲမှုများကို ဦးတည်စေပါသည်။ ကျောင်းအသိုင်းအဝိုင်းတွင် အပြုသဘော ကောင်းမွန်သော သဘောထားအမြင်များ၊ အပြုအမူများနှင့် ကျား မ တန်းတူရှိမှုတို့မှာ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာသည့်အခါ သဘောထားအမြင်နှင့် အပြုအမူတို့တွင် ပြောင်းလဲချက်များကို အောင်မြင်စွာ ပြောင်းလဲပေးနိုင်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့ သိပါသည်။ အတူတကွအားဖြင့် ကျွန်ုပ်တို့သည် အစစ်အမှန်နှင့် တည်တံ့မြဲနေမည့် ပြောင်းလဲချက်ကို ဖန်တီးရန် လမ်းကြောင်းကို ဦးတည်နိုင်မည်ဖြစ်သောကြောင့် ကလေးတိုင်းအနေဖြင့် ၎င်းတို့၏ ပြည့်စုံသည့် အနာဂတ်အလားအလာကို အောင်မြင်ရန် အခွင့်အလမ်း ရရှိမည်ဖြစ်ပါသည်။

**စာသင်ခန်း အစီအစဉ်ကို အဓိက နယ်ပယ် ၈ ခုအား အလေးထားပေးပါမည်-**

- **စိတ်ခံစားမှုဆိုင်ရာ ပညာ-** ဤပညာရပ်အားဖြင့် ကျောင်းသူကျောင်းသားများအား အခြားသူများ၏ ခံစားမှုဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ အသိရှိနိုင်စွမ်းမှု၊ နားလည်မှု နှင့် ဝေါဟာရအသုံးအနှုန်း သုံးစွဲမှု တို့ကို စိတ်ချလက်ချ ဖွံ့ဖြိုးပေးစေရန် အထောက်အကူပြုပါသည်။
- **ကိုယ်ပိုင် အားသာချက်များ-** ကျောင်းသူကျောင်းသားများသည် မိမိတို့ကိုယ်တိုင်နှင့် အခြားသူများတွင် တည်ရှိသည့် အမျိုးမျိုးသော အားသာချက်များနှင့် ကောင်းမွန်သော အရည်အသွေးများကို အသိရှိရန်နှင့် နားလည်ရန် ၎င်းတို့အား အထောက်အကူပြုမည့် ဝေါဟာရအသုံးအနှုန်းကို လေ့လာပါသည်။ ၎င်းတို့သည် အခြားသူများ၌ ရှိသည့် ၎င်းတို့ကြိုက်နှစ်သက်သော အားသာချက်များနှင့် အခက်အခဲများနှင့်တကွ ဆက်ဆံရမည့်သူများအပြင် လူ့ဘဝရှိ အခွင့်အလမ်းများကို ဖော်ထုတ်ရသည်။
- **အပြုသဘောကောင်းမွန်စွာဖြင့် ရင်ဆိုင်ခြင်း-** ကျောင်းသူကျောင်းသားများသည် ၎င်းတို့၏ ရင်ဆိုင်ရသည့် နည်းဗျူဟာများအပေါ် အလေးအနက် ရောင်ပြန်ဟတ်စေသည့် ရင်ဆိုင်ခြင်း ကိစ္စကို ဖွံ့ဖြိုးပေးရပြီး အပြုသဘောကောင်းမွန်သော နည်းဗျူဟာများ၏ တတ်မြောက်မှုအစုစုကို တိုးချဲ့ပေးရသည်။
- **ပြဿနာ ဖြေရှင်းခြင်း-** ကိုယ်ရေးကိုယ်တာဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ရွေးချယ်မှုများ ကြုံကြိုက်လာသောအခါ ပြဿနာ-ဖြေရှင်းခြင်းဆိုင်ရာ နည်းများကို ကျောင်းသူကျောင်းသားများက လေ့လာကြသည်။ ပြဿနာဖြေရှင်းခြင်းဆိုင်ရာ စွမ်းရည်များကို အမှန်စစ်စစ် အသုံးချရာ၌ ၎င်းတို့သည် အသုံးချ သင်ယူရေး တာဝန်များဖြင့် လုပ်ကိုင်ဆောင်ရွက်ကြသည်။
- **စိတ်သောက စီမံခြင်း-** ၎င်းသည် ကျောင်းသူကျောင်းသားများအား အသုံးချ သင်ကြားရေး တာဝန်များမှတစ်ဆင့် အမျိုးမျိုးသော ပြဿနာ ဖြေရှင်းခြင်းဆိုင်ရာ စွမ်းရည်များကို သင်ယူစေသောကြောင့် ၎င်းတို့အနေဖြင့် အခက်အခဲပြဿနာများကို ကြုံတွေ့လာစဉ် ရင်ဆိုင်နိုင်ပါသည်။
- **အကူအညီ-တောင်းခံခြင်း-** အကူအညီ တောင်းခံခြင်းသည် ရင်ဆိုင်ခြင်းဆိုင်ရာ နည်းပညာ တစ်ရပ်ဖြစ်ပြီး အခြားသူများထံမှ နည်းပညာဆိုင်ရာ၊ ပစ္စည်းကိရိယာဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ ပံ့ပိုးမှုကို တောင်းခံခြင်း ပါဝင်သည်။
- **ကျား မ လိင် အမျိုးအစားနှင့် လိင်ရပ်တည်မှု**-၎င်းသည် အသက်အရွယ်နှင့် သင့်တော်သော သင်ယူဆည်းပူးရေးဆိုင်ရာ သင်ခန်းစာများဖြစ်ပြီး သဘောထားအမြင်များနှင့် အပြုအမူများအပေါ် လိင်သဘောသဘာဝ လွှမ်းမိုးမှုအား နားလည်စေရန်နှင့် ဝေဖန်ပိုင်းခြားတတ်ရန် ကျောင်းသူကျောင်းသားများအား အထောက်အကူပြုသည် (ဆွေးနွေးမှု နမူနာကို အောက်ပါ လင့်ဂ်ကို နှိပ်၍ ကြည့်ပါ။
- **အပြုသဘောကောင်းမွန်သော ကျား မ ဆက်ဆံရေးများ-** ၎င်းသည် ကျောင်းသူကျောင်းသားများအား ကျား မ လိင်အမျိုးအစားများအတွင်း

အပြုသဘောကောင်းမွန်သော ဆက်ဆံရေးများကို တည်ဆောက်ရန်အပြင် မတူကွဲပြားမှုနှင့် အမျိုးမျိုး ကျယ်ပြန့်ခြားနားမှုကို လက်ခံခြင်း၏ အရေးကြီးပုံကို သင်ကြားပေးပါသည်။

လေးစားမှု တည်ရှိသော ဆက်ဆံရေးများ (Respectful Relationships) သည် တစ်ကျောင်းလုံး သင်ကြားမှုချဉ်းကပ်ပုံအရဖြစ်သည်၊ ကျောင်းများမှာ ပညာဆည်းပူးရာနေရာ၊ အလုပ်လုပ်ကိုင်ရာနေရာနှင့် ဒေသခံ လူ့အသိုက်အဝန်းများ၏ အဓိကကျသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ကို အသိအမှတ်ပြုခြင်းဖြစ်ပါသည်။ ၎င်းအားဖြင့် ကျွန်ုပ်တို့၏ ကျောင်း လူမှုအသိုင်းအဝိုင်း တစ်ရပ်လုံး၌ လေးစားမှုနှင့် တန်းတူရှိမှု အလေ့အထကို သွတ်သွင်းပေးသည်၊ ကျွန်ုပ်တို့၏ စာသင်ခန်းများမှတစ်ဆင့် လုပ်ငန်းခွင်ဝန်ထမ်းအခန်းများ၊ အားကစားကွင်းများ၊ စားသောက်ဧည့်ခံပွဲများနှင့် လူမှုရေးရာအခမ်းအနားများဆီသို့ဖြစ်ကြပါသည်။

ကျွန်ုပ်တို့၏ ကျောင်းသူကျောင်းသားများသည် မိမိတို့၏ စာသင်ခန်းများ၊ အသင်းအုပ်စု လှုပ်ရှားပွဲများ သို့မဟုတ် စုဝေးပွဲများတို့မှတစ်ဆင့် အပတ်စဉ် သို့မဟုတ် နှစ်ပတ်တစ်ခါ လေးစားမှု တည်ရှိသော ဆက်ဆံရေးများ (RR) သင်ခန်းစာများကို သင်ယူကြမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျောင်း အစုအဝေး၏ ရှောင်တခင် အကြာကာလ သဘောတရားကြောင့် ကျွန်ုပ်တို့သည် အားလုံးသော အဓိက သင်ခန်းစာများ ခြုံငုံမိစေရန် ကျောင်းဖွင့်ကာလ ၆ လ တစ်ခုစီတွင် အကောင်အထည်ဖော်မည့်အစီအစဉ်ကို လိုက်နာကြပါသည်။

၅ တန်းနှင့် ၆ တန်းအတွက် အဓိက သင်ခန်းစာ ဖော်ပြချက်ကို အောက်တွင် ဖော်ပြထားသည်-

| **ကျား မ လိင်အမျိုးအစား နှင့် လိင်ရပ်တည်မှု**<br>ကျောင်းဖွင့်တန်း ၂ နှင့် ၄ သင်ခန်းစာ | **အပြုသဘောကောင်းမွန်သော ကျား မ ဆက်ဆံရေးများ (Positive Gender Relationships)**<br>ကျောင်းဖွင့်တန်း ၂ နှင့် ၄ သင်ခန်းစာ |
|---|---|
| • မွေးရာပါလားသို့မဟုတ် လုပ်ယူခြင်းလား။ ကျား မ လိင်အမျိုးအစား သုံးသပ်ခြင်း (သမားရိုးကျ ပုံစံ)<br>• အပြောမှ လုပ်ရပ်များ ( မတူကွဲပြားမှုများကို လက်ခံခြင်း)<br>• ကြီးကောင်ဝင်ချိန်၌ လိင် သဘောသဘာဝများ | • အကြမ်းဖက်မှု ဆိုသည်မှာ အဘယ်နည်း။<br>• လိင်အခြေခံ- အကြမ်းဖက်မှု ဆိုသည်မှာ အဘယ်နည်း။<br>• အင်အားကြီးသူနိုင် ဆက်ဆံမှုများကို နားလည်ခြင်း<br>• ပေါင်းဖော်အချင်းချင်း ဆက်ဆံမှုများ၌ သွက်သွက်လက်လက် လေးစားမှု |

| | |
|---|---|
| • လိင်နှင့် အခွင့်အလမ်းများနှင့် ပတ်သက်သည့် အကြောင်းချင်းရာများ<br>• လူ့အခွင့်အရေးများနှင့်ပတ်သက်သည့် အသိရှိမှု တိုးပွားခြင်း<br>• မျိုးဆက်အလိုက်- လိင် တည်ရှိမှု | • လိင်ပိုင်း အနှောင့်အယှက်ပေးမှုနှင့် လိင်ပိုင်းလက်ရောက်မှု ဆိုသည်မှာ အဘယ်နည်း။<br>• ပေါင်းဖော်ချင်း ပံ့ပိုးမှု- ဆက်ဆံရေးနယ်ပယ်များ သတ်မှတ်ခြင်း၊ ဆက်ဆံခြင်းဆိုင်ရာ စံနှုန်းများ (ခွင့်ပြုချက်များလည်း ပါဝင်သည်။)<br>• လိင်-အခြေခံ အကြမ်းဖက်မှုအား တုံ့ပြန်ရာ၌ အကူအညီ-တောင်းခံခြင်း |

တစ်နှစ်ပတ်လုံးတွင် ကျွန်ုပ်တို့သည် လေးစားမှု တည်ရှိသော ဆက်ဆံရေးများ (RR) သင်ခန်းစာများ သင်ကြားနေစဉ်အတွင်း လုပ်စရာများကို တင်ပြခင်းကျင်းထားပါမည်၊ စာသင်ခန်းအတွင်း ကျောင်းသူကျောင်းသားများ၏ ကြိုးပမ်းတစား အလုပ်ကို ဂုဏ်ပြုသောအားဖြင့် ဓါတ်ပုံများနှင့် သင်ခန်းစာများ၏ ပုံပန်းသဏ္ဍာန်များကို ခင်းကျင်းမှုအပါအဝင်ဖြစ်ပါသည်။

လေးစားမှု တည်ရှိသော ဆက်ဆံရေးများ (Respectful Relationships) အစီအစဉ်ကို ကျွန်ုပ်တို့ ကျောင်းသူကျောင်းသားများ၏ ကျန်းမာရေး မူဝါဒအပေါ် လိုက်ဖက်ပြီး ဖြစ်နိုင်စွမ်းသည့် နည်းလမ်းဖြင့် သင်ကြားပို့ချပေးပါမည်။

အကယ်၍ သင် လေးစားမှု တည်ရှိသော ဆက်ဆံရေးများ သင်ရိုးညွှန်း (Respectful Relationships Curriculum) နှင့်ပတ်သက်သည့် နောက်ထပ် အချက်အလက်များ အလိုရှိပါက Noble Park English Language School ရှိ ________________ ဆိုသူကို ________________ ရက်နေ့တွင် ဆက်သွယ်ပါ။